# ချစ်ခြင်းခွန်အား ပေးသနားပါ

**ဇွဲယွန်းနောင်**



စကားသစ္စာ

မှန်သောခါကား

သြဇာလေးနက်

ပေါ်ဆီတက်၍

နွယ်မြက်သစ်ပင်

ဆေးဖက်ဝင်၏။။။

**(ရှင်မဟာသီလဝံသ)**

ငှါစာဖတ်၍ ၊ မမြတ်တိုင်စေ

မရှုံးစေသား ၊ ပျင်းပြေနှစ်ခြိုက်

တွေးဖွယ်ထိုက်ရာ ၊ တစ်ပိုဒ်တလေ

တွေ့ငြားပေမူ ၊ စာပေကျေးကျွန်

ငှါဝတ်ပြွန်ပြီ ၊ ငါမွန်အမြတ်

ငါအတတ်ဟု ၊ စာဖတ်သူ့အပေါ်

ခေါင်းကိုကျော်၍ ၊ ငါသော်ဆရာ

မလုပ်ပါတည်း။။။

"ဘာ ဘယ်လို ညီတို့ လမ်းခွဲကြမယ် ဟုတ်လားကို ..."

ကိုဆိုသော အံ့ဘုန်းမြတ် ဆိုတဲ့ လူက သူ့ကိုတစ်ချက်ကလေးမှ လှည့်မကြည့်ဘဲ ကျောခိုင်းပြီးသည် စကားကို လွယ်လွယ်နှင့် ပြောရက်သောကြောင့် သူနာကျင်ရင်းမှ မဲ့ပြုံးကလေး ပြုံးလိုက်သည် ။

မျက်ရည်များကို ကို့ရှေ့မှာ တော့ မကျအောင် သုတကို ထိန်းလိုက်၏ ။

"အဲဒီစကားကို ညီ့မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောပေးပါလားကို ..."

သုတကိုရဲ့ အသံတွေ တုန်ယင်လှိုက်ခတ် လာခဲ့သည် ။ မျက်ရည်များကလည်း တင်းထားသည့်ကြားမှ ရစ်ဝဲ တတ်လာကြ၏။

"ကိုယ် ညီနဲ့ စကားအများကြီး မပြောချင်တော့ဘူးညီ ညီပြောချင်တာပြောပါ ညီပြောပြီးပြီဆိုရင် ကိုယ်ပြန် တော့မယ် ..."

သုတကို ကိုယ်ရှေ့တည့်တည့်သို့ ကမန်းကတန်း မျက်နှာမူရပ်လိုက်ပြီး ကို့ပခုံးကလေးအား ခပ် ကြမ်းကြမ်းကလေး ကိုင်လှုပ်ပစ်လိုက်သည် ။

"ဘာအပြစ်မှ မရှိဘဲ လမ်းခွဲခံနေရတဲ့ သိပ်မြတ်နိုးတတ်တဲ့ လူတစ်ယောက်မှာ ပြောစရာ စကားတွေက လွယ်လွယ်နဲ့ ပြောထွက်ရတာလဲကို ... ညီ့ချစ်သူကိုက သူများကို မညှာမတာ လုပ်တတ်တဲ့ လူတစ် ယောက်မဟုတ်ပါဘူး ... ညီ့မှာ ဘာအပြစ်ရှိလို့ လဲဟင် ... ကိုမကြိုက်တာ ညီ

ဘာတွေများ လုပ်မိလို့ လဲ … … ပြောပါဦးကို …"

"ညီမမှားပါဘူး အပြစ်လည်း မရှိဘူး ကိုယ်ညီ့ကိုရိုးသွားလို့ သူ့ကို ညီ မသိအောင် တွဲခဲ့တာ အခုညီသိသွားပြီဆိုတော့ ကိုယ်က ညီနဲ့ ပဲလမ်းခွဲမှာ ပဲ … ကိုယ် သူနဲ့ တော့ မခွဲနိုင်တော့ဘူး …"

"အေးလေ အချစ်တွေ ပေါ့သွားလို့ ပဲ နောက်တစ်ယောက်ဆိုတာ ဖြစ်တည်လာတာပဲကို ဒါပေမဲ့ကို ညီ့ကိုရိုး သွားတယ်ဆိုတာကတော့ ရက်စက်လွန်းတယ်လို့ များ ကိုနည်းနည်းလေးတောင် မထင်မိဘူးလားဟင် နှစ်နှစ်ကျော် သုံးနှစ်နီးပါးလောက် ဖြစ်တည်လာခဲ့တဲ့ ညီတို့ သံယောဇဉ်တွေ ပြီးတော့ ညီ ကို့အပေါ် ကောင်းခဲ့တာတွေကိုရော ကို နည်းနည်းကလေးမှ မထောက်ထား တော့ဘူးလားဟင် … ကိုနဲ့ ညီ မခွဲနိုင်ဘူးဆိုတာ ကိုသိနေရက်နဲ့ ညီ့ဘက်ကိုမငဲ့ တော့ဘူးလားဟင် …"

ကိုက သူ့ကိုခပ်စိမ်းစိမ်းနဲ့ ခပ်စူးစူး ကြည့်လာသည် ။

ဟင့်အင်း ညီ့ကိုအဲဒီမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ ကို …

"ညီ မင်းက အဲဒီလို သိပ်အရစ်ရှည်လို့ မင်းကိုငါစိတ်ပျက်သွားတာ …. ငါလေ …"

အံ့ဘုန်းမြတ်ပြောရင်း သုတကို၏ နှာသီးဝလေးမှ သွေးတွေကျလာသဖြင့် အံ့ဘုန်းမြတ် ဆက်မပြော တော့ …။

"တော်ပြီကွာ ကိုယ်ပြန်တော့မယ် နောက်ကို ကိုယ့်ကိုဘယ်တော့မှ မဆက်သွယ်ပါနဲ့ … ညီလိုက် နှောင့်ယှက်နေမယ်ဆိုရင် ကိုယ့်ချစ်သူနဲ့ ကိုယ် အဆင်မပြေ ဖြစ်ကြလိမ့်မယ် … ကိုယ် သွားတော့မယ်ကွာ …"

"ကို …… ကို မလုပ်ပါနဲ့ ကို ….. မလုပ်ပါနဲ့ ……"

ကိုက အလန့်တကြားနှင့် ဖမ်းဆုပ်နေသည့် သူ့လက်တွေကို

ခပ်ကြမ်းကြမ်းကလေး တွန်းဖယ်သွားပြီး သူ့အနားမှ ထွက်သွားပြီ။ အို သူ့အနားမှ မဟုတ်ပါဘူး.....။ တစ်ဘဝလုံး ထဲကနေကို အပြီးအပိုင် ထွက်သွားခဲ့တာပါ။

ကို့ခြေထောက်များ ဖြင့် နင်းခြေသွားသော ကန်တော်ကြီးမှ ကုသိုလ်ရွက် ခြောက်တို့ သည် လည်း

အစိပ်စိပ် အမြွှာမြွှာပဲ့ကြွေ သွားကြကုန်သည် ။ ကို့ကားလေးကို ကိုကစက်နှိုးလိုက်တော့ သုတကို မျက်လုံးကလေးများကို ခပ်တင်းတင်းကလေး စုံမှိတ်လိုက်သည် ။

ကို့ကားစက် သံကလေးက သူနှင့် တဖြည်းဖြည်း ဝေးသွားကြ၏။ သူ့မျက်ဝန်းမှ မျက်ရည်တို့ ကျလာတာကိုတော့ သူသတိထားမိသည် ။ နှာသီးဝမှ ယိုစိမ့်ထွက်ကျလာသော သွေးများကိုတော့ သူ သတိမထားမိ။

သူငယ်ချင်း တစ်ယောက်က သတင်းပေးလို့ မယုံပေမဲ့ စိတ်ထဲမှာ ဖြစ်တည်လာတဲ့ စို့ရွံ့မှုကြောင့် ကို့ကိုရုပ်ရှင်ရုံရှေ့မှာ သွားစောင့်ခဲ့သည် ။ ရုပ်ရှင်ပြီးတော့ ကိုကကောင်လေး တစ်ယောက်နှင့် အတူတူထွက်လာခဲ့၏။ ကောင်လေးက ကလေးလေးလိုပဲ တကယ့်ကို ချစ်စရာလေးပါ ...။ သူတို့ ရှေ့တည့်တည့်ကို လျှောက်သွားလိုက်တော့ သိသိသာသာ မျက်နှာပျက်ယွင်းသွားတဲ့ ကို့ကို သူစိတ်မကောင်းစွာဖြင့် မြင်လိုက်ရသည် ။

ထိုကောင်မလေးက ကို့ကိုမေးသည် ။

"အဲဒါဘယ်သူလဲဟင် မောင်တဲ့ ..."

ဩော် ... မောင်တဲ့ လား ...

ကို့ကိုဘာတွေများ ထပ်မေးဖို့ လိုနေဦးမှာ လဲ ကိုရယ် ...။

ကို ဒီကောင်မလေးရဲ့ အမေးကို ဘာများ ပြန်ဖြေ ဦးမလဲဆိုတာကို

သူသိချင်ပြီး ကို့ရှေ့မှာ ဆက်၍ ရပ်နေခဲ့မိတာ သူမှားသွားခဲ့တာပါ ...။

"အဲဒါ မောင့်သူငယ်ချင်းလေခေး ... မှတ်ထားနော် သူ့နာမည်က သုတကိုတဲ့ ..."

"ဩော် ..."

သူ ကို့ကို ပြုံးပြလိုက်သည် ။

မျက်ဝန်းများ ဖြင့်လည်း မယုံနိုင်စွာ ငေးမောမိလိုက်၏။

ကိုနှင့် ကောင်မလေးက သူ့ကို နှုတ်ဆက်ပြီး သူ့ရှေ့မှ ထွက်သွားကြပေမဲ့ ထိုနေရာမှာ ပဲ သူရပ်နေမိ ဆဲပါ...။

သုံးနှစ်နီးပါး ယုံကြည်ခဲ့ရတဲ့ ကို့ရဲ့ ချစ်ခြင်းတွေ ...... သံယောဇဉ်တွေ ပြီးတော့ သစ္စာရှိမှုတွေကို ရိုးသွားတာ ဆိုတဲ့ အကြောင်းပြချက်ကြောင့် ကိုက လှလှပပကလေးကို ရိုက်ချိုးသွားခဲ့တာတဲ့ .....။

နှာသီးဝမှ သည် နှုတ်ခမ်းဖျားတွင်းသို့တိုင် စီးကျလာတဲ့ သွေးများကြောင့် သူ လက်ဖမိုးလေးဖြင့် သုတ်လိုက်မိတော့မှ ပဲ သွေးများကို သူမြင်တော့သည် ။

အဲဒီသွေးတွေကိုမြင်ရင် အရင်လို ပျာယာခတ်ပေးမဲ့ လူလည်း သူ့အနားမှာ မရှိတော့ ...။

သူ မျက်ရည်တွေကိုလည်း မသုတ်ပစ် ...။

လက်မှာ ပေနေတဲ့ သွေးတွေကိုကြည့်ရင်း ခေါင်းထဲမှာ မိုက်မဲနေအောင်ကို မူးလာခဲ့၏။

ထို့နောက် သူသိလိုက်တာ သူ ယိုင်လဲကျသွားခဲ့သည် ဆိုတာပါပဲ ...။

ထို့နောက် သူ့ကိုယ်ပိုင်ဘဝ ကလေး မှောင်မဲတိတ်ဆိတ် သွားတော့သည်
။

***

သူတကို သတိရလာတော့ သူ့မျက်နှာပေါ်မှာ အုပ်မိုးနေတဲ့ မေမေ့မျက်နှာကို အရင်ဦးဆုံး မြင်လိုက်ရသည် ။

"သား သားလေး သတိရ လာပြီလား အမလေး သားလေးရယ် မသေကောင်း မပျောက်ကောင်း သားလေးရယ် ..."

ဆေးထိုးအပ် သွယ်တန်းထားခြင်း မရှိသော ကျန်လက်တစ်ဖက်မှ လက်ဖမိုးကလေးကို မေမေက သူမ၏ ပါးပြင်ကလေးဖြင့် ပွတ်သပ်ကာ ငိုလေသည် ။

သူမေမေ့ကို ဘာမှ ပြန်မပြောမိဘဲ ဘေးပတ်ဝန်းကျင်ကိုသာ ငေးနေလိုက်သည် ။

သေချာသည် ။ သူတက်နေကျ ဆေးရုံကို ရောက်နေတာပါ ...။ မသွားချင်ဆုံး နေရာထဲမှာ သည် ဆေးရုံက ထိပ်ဆုံးက ပါပေမဲ့လည်း သူ ဒီကိုခဏခဏ ရောက်တတ်သည် ။

သူ မေမေ့ကို ကြည့်လိုက်သည် ။ ပြီးနောက်

"သားဗိုက်ဆာတယ် မေမေ .... သားကို မုန့်တစ်ခုခု သွားဝယ်ပေးပါလား .... မမနုကိုလည်း ခေါ်သွားပါ ...... သားတစ်ယောက်ထဲ ခဏလေး နေချင်လို့ ......"

"အေးပါ အေးပါသား နေပါ မေမေ သမီးနုကို ခေါ်သွားပြီး သားခဏလေး နားနေနော် ..... မေမေ တို့ မြန်မြန် ပြန်လာခဲ့မယ်နော် ....."

သူ ခေါင်းကလေးသာ အသာအယာ ငြိမ့်ပြလိုက်တော့ မေမေနှင့် မမ

နတို့ က အခန်းတွင်းမှ ထွက် သွားကြတော့သည် ။

ပတ်ဝန်းကျင်မှ ခဏတာ တိတ်ဆိတ်သွားတော့ သူ လက်မှာ ချိတ်ထားတဲ့ အပ်တွေ ပိုက်တွေကို ဆွဲဖြုတ်လိုက်သည် ။ ပြီးနောက် ရှိသမျှသော အားအင်တို့ ကို စုစည်းပြီး ခုတင်ပေါ်မှ ထလိုက်သည် ။ ထို့နောက် ယဲ့ယဲ့မျှသော အားအင်လေးဖြင့် ထိုအခန်း ထိုနေရာနှင့် ဝေးအောင်သို့ လျှောက်သွား လိုက်တော့သည် ။

မေမေနှင့် မမတို့ သည် သည် အခန်းကို ပြန်ရောက်သည့် အခါ သူ့ကို မတွေ့တော့ရင် ဘယ်လောက်များ စိတ်ပူပန် သွားကြမည်မသိ။

သူ ဆက်ပြီး မတွေးတော့ပါဘူး။

***

ပါးပြင်မှ တဖြည်းဖြည်းချင်း လိမ့်ကျလာသော မျက်ရည်တို့ ကို သူ လျစ်လျူ ပြုလိုက်ပြီးနောက် ခြေလှမ်းတွေ ကို ခပ်ဝေးသို့သာ လှမ်းနိုင်သမျှ လှမ်းလိုက်တော့သည် ။

ဖြစ်နိုင်ရင် သည် လောကကြီးထက် ဝေးနိုင်သလောက်ထိတောင် ခပ်ဝေးဝေး သွားပစ်လိုက်ချင်စိတ် တွေသာ ရှိနေတော့သည် လေ .......။

"သား ဆေးရုံ မသွားဘူးလား ...."

"မသွားဘူးမေမေ ဒီနေ့သားအိမ်မှာ တစ်ယောက်တည်း နားချင်လို့ ခွင့်ယူထားတယ် ....."

"ဩော် အေး အေး ......"

ဖေဖေနှင့် မေမေတို့ က သူတို့ အလုပ်သူတို့ ကိုယ်စီထွက်သွားကြတော့ အုံ့ဘုန်းမြတ် မျက်နှာပြင်နှင့် လက်ဝါးကို ခပ်ကြမ်းကြမ်း ပွတ်သပ်ပစ်လိုက်မိ၏။

မနေ့ညကလည်း တစ်ရေးမှ အိပ်လို့ မရ ….။ အချိန်တိုင်း အမြဲတမ်း သုတကိုဆီသို့သာ စိတ်ကရောက် နေမိ၏။ သူထွက်လာကာနီး သုတလေး၏ နှာသီးဝလေးမှာ သွေးစတို့ ကို သူမြင်ခဲ့ရသည် လေ …။ သူအဆင်မပြေလောက်ဘူး ထင်တယ်ဆိုသော အသိက အချိန်တိုင်း စက္ကန့်တိုင်း သူ့ကိုနှိပ်စက်နေ၏။ ကိုယ့်ဘဝ တစ်ခုလုံးထက် ပိုပြီးချစ်မြတ်နိုးရသော ချစ်သူအကြောင်းကို သူအသိဆုံးပါ ….။ ချစ်သူရဲ့ ကျန်းမာရေးကိုလည်း သူအသိဆုံးပါ…။ မင်းလေး ဒီအချိန်မှာ ဘာတွေ ဖြစ်နေမလဲ ကလေးရယ် …။

သူတွေးနေတုန်းမှာ ပဲ ဘေးနားမှာ ချထားတဲ့ ဖုန်းလေးက အသံမြည်လာခဲ့၏။

သူကြည့်မိလိုက်တော့ သုတကိုရဲ့ မေမေ အန်တီကြည်ကြည်ရဲ့ ဖုန်းနံပါတ်တွေမို့ သူပျော်မိသွားသလို ထိတ်လည်း ထိတ်လန့်မိ၏။

"ဟယ်လို …"

"ဟယ်လိုသား အန်တီပါ … သားဆီမှာ သားလေးသုတ ရှိတယ်မလား အန်တီတို့ ဆီကို အမြန်ဆုံး ပြန်လာပို့ပေးပါ သားလေးရယ် အန်တီတို့ သားကို အနူးညွတ်တောင်းပန်ပါတယ် သားလေးက နေကောင်းတာ မဟုတ်ဘူး ကွဲ့ အန်တီ့သားကို ပြန်လာပို့ပေးပါနော် အဟင့်ဟင့် ….
."

"ခဏလေး ခဏလေးအန်တီ အန်တီဘာတွေ ပြောနေတာလဲဆိုတာ ကျွန်တော်တစ်ခုမှ နားမလည်ပါဘူး …. အန်တီတို့ တောင်းဆိုတဲ့ အတို

င်း ကျွန်တော် အန်တီတို့ စိတ်တိုင်းကျလည်း လုပ်ပေး ခဲ့ပြီးပါပြီ ...။ ကျွန်တော်က ဘာကြောင့် သုတကိုပြန်ခေါ်သွားရမှာ လဲ အခု သုတဘာဖြစ် ဘာဖြစ်လို့ လဲဟင်..."

"အဟင့်ဟင့် .... သားလေးမင်းနဲ့ တွေ့ပြီးတော့ သတိလစ်သွားလို့ ဆေးရုံတင်ထားရတာ အခု သတိရရခြင်း ဆေးရုံကနေ ထွက်ပြေးသွားလို့ သေချာတယ် သားလေးမင်းဆီပဲ လာမှာ ပါ သူ့မှာ တခြားနေရာမှ သွားစရာ မရှိတာ ..... မင်းဆီမှာ ပဲ ရှိနေမှာ ပါ ... ပြန်လာပို့ပေးပါသားရယ် အန်တီတို့ သားကိုရှိခိုးပြီး တောင်းပန် ဆို တောင်းပန်ပါ့မယ်သားရယ် နော် ..."

"ကျွန်တော်က မိကောင်းဖခင် သားသမီး တစ်ယောက်ပါအန်တီ ကျွန်တော်အန်တို့ကိုလည်း မလိမ်သလို ဘယ်သူ့ကိုမှ လည်း မလိမ်ပါဘူး အန်တီတို့ တောင်းဆိုလို့ သုတလေးရဲ့ ကျန်းမာရေး ပြီးတော့ သူစိတ်ဒုက္ခ ရောက်မှာ စိုးလို့ ကျွန်တော် ကိုယ့်အကြောင်းပြချက်ကိုယ် ခိုင်ခိုင်လုံလုံပေးပြီး လမ်းခွဲပေးခဲ့ ပြီးပြီလေ အဲဒီလို လုပ်ခဲ့ပြီးမှ သုတလေးကို ကျွန်တော်က ဘာလို့ များ တိတ်တိတ်ကလေး ဖွက်ထား ပေးရဦးမှာ လဲ စိတ်ချပါအန်တီ ကျွန်တော် အခုချက်ချင်းပဲ သုတကို မတွေ့တွေ့အောင် ရှာမှာ ပါ ကျွန်တော်တွေ့တာနဲ့ အန်တီ တို့ ဆီကို ချက်ချင်းပြန်လာ ပို့ပေးပါ့မယ် ..."

"အန်တီတို့ ကို ကူရှာပေးပါ သားလေးရယ်နော် ကျေးဇူး မမေ့ပါဘူး ကွယ် .... သားလေးက နေမကောင်း ဖြစ်နေတာကွဲ့ ..... သားရဲ့ ကျေးဇူးကို မမေ့ပါဘူးနော် ....."

သုတကိုရဲ့ မေမေက ဖုန်းချသွားပြီ .....။ သူ့ရင်တွင်းမှာ တော့ မီးတောင် ပေါက်ကွဲပြီး ကျန်ရစ်ခဲ့၏။

ဘယ်တွေ လျှောက်သွားပြန်ပြီလဲ ကလေးလေးရာ ……။

ကိုယ်စိတ်ပူရအောင် ဘယ်တုန်းကမှ မလုပ်ဖူးတဲ့ ကလေးလေးက အခုတော့ …..။

သူ ကားသော့ကို ချက်ချင်းထယူလိုက်ပြီး အိမ်ရှေ့ကို ချက်ချင်းထွက်ခဲ့ လိုက်တော့သည် ။

သည် လိုတွေသာ ဖြစ်လာခဲ့မယ်ဆိုရင် အစကတည်းက သူသုတလေးရဲ့ မေမေတောင်းဆိုတာကို လက်မခံခဲ့ပါဘူး…….။

မင်းလေးအတွက် ကိုယ်ဗီလိန် လုပ်ပေးခဲ့ရတာပါ ကလေးရယ်….။

အဲဒီနေ့ကပေါ့။

အံ့ဘုန်းမြတ် တစ်ယောက်တည်း အိမ်မှာ စာဖတ်နေတုန်း အိမ်အကူကောင်မလေးက အခန်းတံခါး လာခေါက်သဖြင့် သူ တံခါးဖွင့်ပေးလိုက်သည် ။

"အစ်ကိုလေးကို အန်တီတစ်ယောက်က တွေ့ချင်တယ်ဆိုလို့ ဧည့်ခန်းထဲမှာ စောင့်ခိုင်းထားပါတယ်"

"ဘယ်သူတဲ့ လဲ ညီမလေး …"

"အစ်ကိုလေးနဲ့ ပဲ စကားပြောချင်တယ်လို့ ပြောတာနဲ့ သမီးလည်း ဘာမှ ဆက်ပြီး မမေးလိုက်တော့ဘူးရှင့် …."

"အင်း ကိုယ်အဝတ်စားလဲပြီး ဆင်းခဲ့မယ် အအေးဖြစ်ဖြစ် တစ်ခုခုနဲ့ ဧည့်ခံထားလိုက်ပါဦး …."

"ဟုတ်ကဲ့ ….."

ဘယ်သူ များ ပါလိမ့်….။

သူအိမ်နေရင်း အဝတ်အစားကို သပ်သပ်ရပ်ရပ် ရှိတာနှင့် လဲလိုက်သည် ။ ပြီးနောက် အိမ်အောက်ထပ် သို့ဆင်းခဲ့လိုက်၏။

လူနာတွေရဲ့ မိသားစုတွေများ လား ....။

သူဧည့်ခန်းတွင်းကို ရောက်တော့ မြင်လိုက်ရတဲ့ အမျိုးသမီးကြီးကြောင့် သူ့ခြေလှမ်းတွေ တုန့်ဆိုင်း သွားသည် ။

သည် အမျိုးသမီးကို အခုမှ မြင်ဖူးပေမဲ့ သူမရဲ့ ဓာတ်ပုံတွေနှင့် တော့ သူအမြဲတမ်းလိုလို ရင်းနှီးခဲ့ရ ဖူးသဖြင့် မှတ်မိနေတာအပြင် ချစ်သူရဲ့ ရုပ်နဲ့ အင်မတန်မှ တူတာရယ်ကြောင့် သူခြေလှမ်းတွေကို ရိုရိုသေသေ လှမ်းလိုက်တော့ ၏။

စိန်ရောင်ဝင်းပြီး ဣန္ဒြေရှိရှိ ထိုင်နေသော ထိုအမျိုးသမီး၏ ဘေးမှာ ရပ်နေသော အိမ်မှ အကူကောင် မလေးအား

"ညီမလေး အိမ်နောက်မှာ လုပ်စရာရှိတာ သွားလုပ်ပါ .... အိမ်ရှေ့ကို ထွက်မလာပါနဲ့ ဦး ...."

သူ့စကားကြောင့် အန်တီကြီးက ကျေနပ်စွာ ပြုံးလိုက်ပါသည် ။ ကောင်မလေး ခပ်လှမ်းလှမ်းကို ရောက်သွားတော့မှ အန်တီကြီးက

"အန်တီ့နာမည် ဒေါ်ကြည်ကြည် နုလွင်ပါသား .... အန်တီ့ကို သားသိပြီးလောက်ပြီ ထင်ပါတယ် ..... အန်တီက သားသုတကိုရဲ့ မေမေပါ ...."

သူမအသံက ရပ်ရည်နှင့် လိုက်ဖက်စွာ တည်ငြိမ်ပြီး ဩဇာရှိသည် ။

"ဟုတ်ကဲ့အန်တီ့ကို အခုမှ အပြင်မှာ မြင်ဖူးပေမဲ့ အန်တီ့ဓာတ်ပုံလေးတွေနဲ့ တော့ ရင်းနှီးပါတယ် ...."

သူ့စကားကြောင့် အန်တီကြည်က ခေါင်းကလေးကို ညင်သာစွာ ညိတ်လိုက်သည်။

"အန်တီလာရတာ အန်တီ့သားနဲ့ မင်းတို့ ရဲ့ ကိစ္စကို ရပ်တန်းကရပ်ဖို့ အန်တီက လာပြောတာပါ... အမိန့်ပေးတာ မဟုတ်ဘူး နော်သား အန်တီက လာပြီး မေတ္တာရပ်ခံတာပါ ...."

"အန်တီ ဘာကိုဆိုလိုချင်တာလဲ ခင်ဗျာ..."

"သားရယ် ပညာတတ် ဆရာဝန်တစ်ယောက် ဖြစ်နေပြီး ဘာလို့များ မသိချင်ယောင် ဆောင်နေရတာလဲ ...... သားကအန်တီ့ကို ဝေ့လည်ကြောင်ပတ် လုပ်နေဦးမယ်ဆိုရင် အန်တီက အန်တီ့မှာ ရှိတာလေးတွေကိုပြရတာပေ့ါ ..."

အန်တီကြည်က ပြောရင်းဆိုရင်း လက်တွင်းမှာ ချိတ်ထားသော ပိုက်ဆံအိတ်ကြီးတွင်းမှ ဓာတ်ပုံတွေကို ထုတ်လိုက်ပြီး သူ့ရှေ့ကို ချပေးလိုက်သည်။

သူ ဓာတ်ပုံတွေကို ယူကြည့်လိုက်၏။

ဘယ်အချိန်ကတည်းက နောက်ယောင်ခံ လိုက်ထားသည် မသိသော ပုံတွေ ...။

သူနှင့် သုတကို အတူသွားတဲ့ ပုံတွေ အတူစားတဲ့ ပုံတွေအပြင် ကားတွင်းမှာ နမ်းနေကြတဲ့ ပုံလေးတွေ ပါပါနေ သေးသည်။ သူ သက်ပြင်းချပြီးနောက် ပုံလေးတွေကို စားပွဲပေါ်ပြန်တင် ပေးလိုက်သည်။

"အန်တီတို့ က ကိုယ့်အလုပ်နဲ့ ကိုယ်မအားကြဘူး ဆိုပေမဲ့ သားကိုပစ်ထားတဲ့ မိဘမျိုး မဟုတ်ပါဘူး ... သူ့အစ်မကဆိုရင် သူ့ကိုကလေးလေး တစ်ယောက်လို ချစ်ပြီးအမြဲအရိပ်လို ကြည့်နေတာရယ် ... ခေတ်

ပညာတွေ တတ်ပါလျက်နဲ့ ဘာလို့ များ ဘဝကို ရှုးရှုးမိုက်မိုက် ဖြတ်သန်း ချင်နေရတာလဲ သားရယ် ... "

သူ ကိုယ်လေးကို တစ်ချက်မတ်လိုက်သည် ။ ပြီးနောက် ပင့်သက်ကို ရှိုက်လိုက်ပြီး

"လူတစ်ယောက်နဲ့ တစ်ယောက်ချစ်တာ ဘဝကိုရှုးရှုးမိုက်မိုက် ဖြတ်သန်းတာလား အန်တီ ..."

"အို .... လူတစ်ယောက်နဲ့ တစ်ယောက် ချစ်တာကအပြစ် မဟုတ်ဘူး ယောကျ်ားလေး အချင်းချင်း တစ်ယောက်ကိုယ် တစ်ယောက် သာမန်ချစ်ခြင်းမျိုး မဟုတ်တဲ့ ထောင့်ငါးရာ ချစ်ခြင်းနဲ့ ချစ်တာ နည်းလမ်းကျတဲ့ အရာမှ မဟုတ်တာ ဘဲသား ..."

"ယောကျ်ားလေးချင်းလည်း တစ်ယောက်ကိုတစ်ယောက် ဘဝတစ်သက်စာလုံးအထိ မချစ်နိုင်ကြဘူး အတူတူဘဝ တစ်ခုကို မထူထောင်နိုင် လောက်ဘူးလို့ များ အန်တီထင်သလား အန်တီ ...."

"လူဆိုတာအမြဲ ဒီအရွယ်မှာ ပဲ ဒီလိုကျန်းမာရေးမျိုးမှာ ပဲ ရှိနေလိမ့်မယ်လို့ များ မင်းထင်နေသလား ကလေး ... မင်းတို့ အသက်တွေ ကိုယ်စီကြီးလာကြတဲ့ အခါ ပြီးတော့ နာမကျန်း ဖြစ်တဲ့ အခါ နောက်ဆုံး အန်တို့သား သေသွားတယ်ပဲ ထားပါဦး အသက်ကြီး နာမကျန်း ဖြစ်မှ ဘေးမှာ ပြုစုမယ့်လူ မရှိတဲ့ တစ်ကိုယ်တည်းသမား ဘဝကို မင်းဖြတ်သန်းသွားရမှာ သေချာတယ်သား ... အန်တီကတော့ အန်တို့သားလေးကို အဲဒီလို ဆိုးရွားတဲ့ ဘဝမျိုးကို မဖြတ်သန်း စေချင်သလို မင်းကိုလည်း မဖြတ်သန်း စေချင်ပါဘူး ... မင်းက ယောကျ်ားချင်းတောင် ငေးမော ကြည့်ရလောက်အောင် ချောတဲ့ ရုပ်ရည်ရှိသလို ခေတ်ပညာတတ် ဆရာဝန် တစ်ယောက်လည်း ဖြစ်ပါလျက်နဲ့ အခုလို ယောကျ်ားလေးချင်း ချစ်သူ

ထားတာကို အန်တီတော့ နားမလည် နိုင်တော့ဘူး …… ဒီကိစ္စကို အစကတော့ အန်တီကိုယ့်သားကိုပဲ ကိုယ်ပြောမလို့ ပါပဲ … ဒါပေမဲ့ သားလေးရဲ့ ကျန်းမာရေးကိုလည်း မင်းသိပါတယ် ကလေး … အန်တီ အန်တီ့သားလေးကို စိတ်အနှောင့်ယှက် မပေးချင်သလို သားနဲ့ အန်တီတို့ မိသားစုလည်း ပဋိပက္ခတွေ မဖြစ်ချင်တာကြောင့် အန်တီက မင်းကို လာပြီး မေတ္တာရပ်ခံတာပါ …"

"သုတလေးက ကျွန်တော်နဲ့ လမ်းခွဲပြီးသွားပြီပဲ ထားပါတော့ နောက်ထပ် ယောကျ်ားလေးတစ် ယောက်ကိုထပ်ပြီး မချစ်နိုင်တော့ဘူး ယောကျ်ားလေးချစ်သူ ထပ်မထားနိုင်တော့ဘူးလို့ အန်တီယုံကြည် သလား… "

"နောက်ပိုင်းကိစ္စက အန်တီ့တာဝန် ထားပါသားက အန်တီကိုယ်တိုင် မွေးထုတ်ထားတဲ့ သားပါ…… ပြီးတော့သူက သူ့အမေကို သိပ်ချစ်တာ ရယ် သူ့အမေစိတ်ဆင်းရဲမယ့် အရာမျိုး နောက်တစ်ကြိမ် သူထပ်လုပ်မှ မဟုတ်ပါဘူး …"

အံ့ဘုန်းမြတ် သဘောကျသည့် ရယ်သံက လှောင်ရယ်သံဘက်ကို နည်းနည်းစွန်းသွား လေသလား မသိ…… အန်တီကြည်ရဲ့ မျက်နှာမှာ အလိုမကျမှုတွေ ကြီးစိုးသွားသည်။

"ကျွန်တော်က ဟိုမိုပါအန်တီ ပြီးတော့ သုတကိုကလည်း ဟိုမိုစစ်စစ် တစ်ယောက်ပါပဲ … အဲဒီဟိုမို ဘဝကို ကျွန်တော်တို့ ကိုယ်တိုင် ရွေးချယ်ခဲ့ကြတာ မဟုတ်ပါဘူး အသွေးထဲ အသားထဲကနေ သူ့အလိုလို ဖြစ်တည်လာခဲ့တာမို့ ကိုယ်ကိုယ်တိုင်တောင် ပြောင်းလဲပစ်လို့ မရတာ ဘေးကလူက ပြောင်းချင်တိုင်း ပြောင်းလဲ ပစ်ဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး …"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး သားဘက်က လုံးဝနောက်မဆုတ် နိုင်ဘူး လို့ သားပြောချင်တာလား ..."

သူ ဘာမှ ပြန်မပြောဘဲ နှုတ်ဆိတ်၍ သာ နေလိုက်တော့

"ကောင်းပြီလေ အဲဒါဆို မိသားစုတွင်းမှာ ပြဿနာ ဖြစ်ချင်ဖြစ်ပါစေ အန်တီတို့ ပဲ သားနဲ့ ဒီကိစ္စရှင်းရ တော့မှာ ပေ့ါ ... သူ့အဖေသာ ဒီကိစ္စ တွေကို သိသွားမယ်ဆိုရင် ဘယ်လိုပြဿနာမျိုးတွေ ဖြစ်လာမယ်ဆိုတာ အန်တီတွေးတောင် မတွေးရဲဘူး သားရဲ့ ကျန်းမာရေးက အဲဒီဒဏ်တွေ ကို မခံနိုင်မှာ ဘဲ အန်တီစိုးရိမ်မိတာ ... အခုလိုအန်တီ့ကို လက်ခံတွေ့ ဆုံ ပေးတဲ့ အတွက် သားကိုအန်တီ ကျေးဇူးတင်ပါတယ် ... အန်တီ့ကို ပြန်ခွင့်ပြုပါဦး..."

သူအန်တီကြည်အား မကြည့်ဘဲ နှုတ်ဆိတ်၍ သာ ထိုင်နေတော့ အ န်တီကြည်က သူ့ကိုကြည့်ရင်း တည်ငြိမ်သော မျက်ဝန်းမှ မျက်ရည်တို့ က ရစ်ဝဲလာကြသည် ။

ပြီးနောက် အန်တီက သူ့ရှေ့မှ ထ၍ လျှောက်သွား၏။ သူမ သူနှင့် ခ ပ်လှမ်းလှမ်း ရောက်သွားတော့မှ

"အန်တီခဏလေး နေပါဦး ... ကျွန်တော့်ဘာသာ ကျွန်တော်ပဲ သုတ ကိုလေးကို ဖြတ်လိုက်ပါ့မယ် ... အန်တီတို့ မိသားစုလေးကို ကျွန်တော့်ကြောင့် ဘယ်လိုပြဿနာတွေမှ မဖြစ်စေချင်ပါဘူး ... ပြီး တော့ သုတလေးကိုလည်း မထိ ခိုက်မနစ်နာ စေချင်ပါဘူး ..."

အန်တီကြည်က သူ့ကိုလှည့်ကြည့်ပြီး ပြုံးပြလိုက်သည် ။

"သားပြောတဲ့ အတိုင်းသာ လုပ်ပေးမယ်ဆိုရင် သားရဲ့ ကျေးဇူးကို အန်တီမမေ့ပါဘူး ..."

"ကျွန်တော် သူ့ကို တကယ်ချစ်တာပါ ..."

သူ့စကားကြောင့် အန်တီကြည်က ခေါင်းကိုညိတ်သည် ။ ပြီးနောက် နောက်ဆုံးအပြုံးကို ပြုံးပြပြီး အခန်းတွင်းမှ ထွက်သွားတော့သည် ။

အန်တီကြည် ထွက်သွားတော့ သူ့နှလုံးသားထဲမှာ လစ်ဟာသွားသလို ခံစားလိုက်ရသည် ။

ခေါင်းမော့လိုက်ပြီး စိတ်ကိုတင်းထား လိုက်ပေမဲ့ ရှူးချင်စိတ်က တော့ ပေါက်နေဆဲမို့သူ လေတွေကို မှုတ်ထုတ်လိုက်သည် ။

သည် ကိစ္စကို အသိကောင်လေး တစ်ယောက်ကို အကူညီတောင်းရမည်။ သုတလေးမြင့်အောင် သုတလေးရဲ့ သူငယ်ချင်းကိုလည်း အကူညီ တောင်းရမည် ...။

ချစ်သူကို စွန့်လွှတ်ဖို့ တွေးတောရတဲ့ အစီအစဉ်တွေကို ဆွဲရတာ ကိုယ့်နှလုံးသားကို ဓားနှင့် တစ်ဆစ်ဆစ် မွှန်းနေရသလို ပါပဲ...။

ဒီလုပ်ရပ်က မှားသွားခဲ့မယ် ဆိုရင်လည်း မင်းအတွက်ပါပဲ ကလေးလေးရယ် ... ကိုယ်မင်းလေးကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ မင်းလေး အသိဆုံးပါပဲ ... ခဏလေးရှူးသွားရင် သိပ်ကောင်းမှာ ပဲကွယ် ...။

***